ပေါက်ဖော်ချစ်ကြည်ရေး

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးနှင့်မြန်မာပြည်ဖွားတရုတ်မျိုးနွယ်အသင်းအဖွဲ့တို့ တတိယအကြိမ်မြောက် "တရုတ်မြန်မာပေါက်ဖော်ချစ်ကြည်ရေးနေ့" ဧည့်ခံပွဲကျင်းပ

ဇွန်လ(၈)ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးနှင့် မြန်မာပြည်ဖွားတရုတ်မျိုးနွယ်အသင်းအဖွဲ့တို့သည် ရှန်ကရီလာဟိုတယ်တွင် တတိယအကြိမ်မြောက် "တရုတ်မြန်မာပေါက်ဖော်ချစ်ကြည်ရေးနေ့" ဧည့်ခံပွဲကို ပူးပေါင်းကျင်းပခဲ့ကြောင်းသိရပါသည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးဟုန်လျန့်နှင့်ဇနီးဝမ်ရွယ်ဟုန်၊ မြန်မာအစိုးရကိုယ်စားလှယ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အမှတ်(၂)စစ်ဆင်ရေးအထူးအဖွဲ့မှ စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦးနှင့်ဇနီး၊ မြန်မာနိုင်ငံဘာသာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံဒုတိယသမ္မတ(ငြိမ်း)ဦးဥာဏ်ထွန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဒုတိယသမ္မတ(ငြိမ်း) ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့်၊ ရဲတပ်ဖွဲ့ရဲမှူးချုပ်ဦးအောင်နိုင်သူ၊ မြန်မာတရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌဦးစိန်ဝင်းအောင်၊ မြန်မာနိုင်ငံအစိုးရ၊ လွှတ်တော်၊ ပါတီ၊ စစ်တပ်၊ ပင်လယ်ရပ်ခြားရောက်တရုတ်မျိုးနွယ်များ၊ တရုတ်လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ ပညာတော်သင်ကျောင်းသူကျောင်းသားများနှင့် သတင်းမီဒီယာကိုယ်စားလှယ်(၇၀၀)ခန့် ဧည့်ခံပွဲကို တက်ရောက်ခဲ့ကြကြောင်းသိရပါသည်။ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးဟုန်လျန့်၊ ဝန်ကြီးဦးကျော်တင့်ဆွေ၊ ပေါက်ဖော်ချစ်ကြည်ရေးနေ့ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌရှိုးချုံချန်းတို့ အသီးသီးအမှာစကားပြောကြားခဲ့ကြပါသည်။

သံအမတ်ကြီးဟုန်လျန့်ကပြောကြားသွားသည်မှာ-တရုတ်မြန်မာပေါက်ဖော်ချစ်ကြည်ရေးသည် တရုတ်မြန်မာနှစ်နိုင်ငံပြည်သူတို့ အတူပိုင်ဆိုင်ကြသည့် တန်ဖိုးရှိရတနာပင်ဖြစ်ပါကြောင်း၊တရုတ်မြန်မာဆက်ဆံရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်နေပါကြောင်း၊ ယခုနှစ်ပိုင်းအတွင်း တရုတ်မြန်မာပေါက်ဖော်ချစ်ကြည်ရေးမှာ စဉ်ဆက်မပြတ်တိုးမြှင့်လာနေပါကြောင်း၊အထူးသဖြင့်(၂၀၁၁)ခုနှစ်တွင်နှစ်နိုင်ငံသည် ဘက်ပေါင်းစုံဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပါကြောင်း၊ (၂၀၁၇)ခုနှစ်တွင်နှစ်နိုင်ငံသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အတူတည်ဆောက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာရွက်စာတမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ကာ အဆိုပါဘောင်အောက်မှာ တရုတ်မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေးကိုစတင်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ၏ နိုင်ငံရေးပါတီ၊ လွှတ်တော်၊ အစိုးရ၊ စစ်တပ်၊ တရားဥပဒေစိုးမိုးရေးလုံခြုံရေးဆိုင်ရာဌာန၊ Think Tank မီဒီယာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များစသည့် ဘက်ပေါင်းစုံ၊ အလွှာပေါင်းစုံအကြား ကူးလူးဆက်ဆံရေးများတစ်နေ့တစ်ခြား တိုးမြှင့်လာနေပါကြောင်း၊ နယ်ပယ်ကဏ္ဍအသီးသီးမှာနှီးနှောဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဆက်မပြတ်တိုးချဲ့လာနေပါကြောင်း၊ နိုင်ငံတကာနှင့်ဒေသရေးရာများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အကျိုးထူးကဲလာနေပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုသည် သိသိသာသာမြင့်တက်လာနေပါကြောင်း၊ ပြည်သူလူထုအကြားချစ်ကြည် ရင်းနှီးစွာဆက်ဆံရေးမှာသိသစွာတိုးမြှင့်လာနေပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုအောင်မြင်မှုရလဒ်မှာအဆက်မပြတ်သိသာလာနေပါကြောင်း စသည်ဖြင့်ပြောကြားသွားပါသည်။

သံအမတ်ကြီးကထပ်မံပြောကြားသွားသည်မှာ-တရုတ်မြန်မာဆက်ဆံရေးသည်ခေတ်သစ်တစ်ခုသို့ လှမ်းဝင်နေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံမှ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နှင့် တရုတ်မြန်မာစီးပွားရေးစင်္ကြံတို့ကို အတူတည်ဆောက်ခြင်းသည် တရုတ်မြန်မာပေါက်ဖော်ချစ်ကြည်ရေးအတွက် သမိုင်းစာမျက်နှာအသစ်ကို ဖွင့်လှစ်ပေးလိုက်ရာရောက်ကြောင်း၊ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"သည် ပထမဦးစွာငြိမ်းချမ်းရေးလမ်းကြောင်းပင်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏လိုအပ်ချက်ကိုလိုက်ပြီး မြန်မာနိုင်ငံပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွန်းပို့မှုအတွက်အစွမ်းကုန်အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကာ အပြုသဘောအကျိုးသက်ရောက်မှုများပိုမိုစွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" သည် ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းလည်းဖြစ်နေပါကြောင်း၊ တရုတ်မြန်မာနှစ်နိုင်ငံသည် အတူတကွတည်ဆောက်မည့် တရုတ်မြန်မာ စီးပွားရေးစင်္ကြံအတွက် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီဖြစ်ကြောင်း၊ တရုတ်မြန်မာနယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၊ ကျောက်ဖြူစီးပွားရေးအထူးဇုန်နှင့် ရန်ကုန်မြို့သစ်စီမံကိန်းစသည့် အရေးပါသည့်စီမံကိန်းကြီးများကို ပူးပေါင်းဆောင်ရွက်ရန် အတူတကွတက်ကြွစွာ ကြိုးပမ်းတွန်းပို့ပေးကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏စည်ပင်သာယာဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"သည် ပြည်သူ့နှလုံးသားချင်းချိတ်ဆက်ပေးသည့် လမ်းကြောင်းလည်းဖြစ်ပါကြောင်း၊ တရုတ်မြန်မာ့စီးပွားကုန်သွယ်ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့မှုပူးပေါင်းဆောင်ရွက်မှုတို့သည် မြန်မာပြည်သူလူထုအတွက် ရလဒ်ကောင်းများစွာရရှိစေနိုင်ခဲ့ပါကြောင်း၊ တရုတ်မြန်မာပေါက်ဖော်ချစ်ကြည်ရေး၏ ပြည်သူဆန္ဒအခြေခံကောင်းကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း စသည်ဖြင့် လေးနက်စွာ ပြောကြားသွားပါသည်။

ဝန်ကြီးဦးကျော်တင့်ဆွေက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ဖော်ပြသွားသည်မှာ "မြန်မာတရုတ်နှစ်နိုင်ငံသည်ရှည်လျားသော နယ်စပ်လိုင်းကိုပိုင်ဆိုင်ထားပါကြောင်း၊ နယ်စပ်တိုင်းရင်းသားတို့၏ဘာသာစကား၊ ယဉ်ကျေးမှုများမှာ နီးစပ်တူညီလျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ပထမဦးဆုံးအသိအမှတ်ပြုခဲ့သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေးထူထောင်ပြီးသည့် (၆၈)နှစ်တာကာလအတွင်း နှစ်ဖက်သည်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်အခြေခံပေါ်မှာ ဘက်စုံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို အတူတကွလုပ်ဆောင်ခဲ့ကြပါကြောင်း၊ ပေါက်ဖော်ချစ်ကြည်ရေးအခြေခံအပေါ် ဘက်စုံဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကိုထူထောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာတရုတ်ချစ်ကြည်ရေးအပြန်အလှန်လည်ပတ်ရေးကို အဆက်မပြတ်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ သမ္မတ(ငြိမ်း)ဦးထင်ကျော်သည် တရုတ်နိုင်ငံသို့အောင်မြင်စွာသွားရောက်လည်ပတ်ခဲ့ကာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်လည်း တရုတ်နိုင်ငံသို့(၃)ကြိမ်သွားရောက်လည်ပတ်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ချစ်ကြည်ရေးနှင့် အပြန်အလှန်ယုံကြည်မှုမှာ အဆက်မပြတ်တိုးမြှင့်လာနေပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမှာ နှစ်စဉ်တိုးတက်လာနေပါကြောင်း၊ တရုတ်နိုင်ငံသည်မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်နေရာ နှစ်ဖက်နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာမှာကြီးမားလှပါကြောင်း၊ မြန်မာတရုတ်နှစ်နိုင်ငံသည် ပြည်သူလူထု၏အကျိုးအတွက်ဆက်လက်ပြီးနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နေလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်းဟူသောမူဝါဒပေါ်လစီကိုစွဲမြဲစွာကျင့်သုံးနေမည်ဖြစ်ပါကြောင်း၊(၂၀၁၆)ခုနှစ်မြန်မာအစိုးရသစ်တာဝန်ယူလာပြီးသည့်နောက် အဆိုပါပေါ်လစီကိုဆက်လက်၍ တစိုက်မတ်မတ်ကျင့်သုံးနေပါကြောင်း၊ မြန်မာနိုင်ငံသည်တရုတ်နိုင်ငံအား မြန်မာပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အမျိုးသားရင်ကြားစေ့ရေးမှာ ပေးအပ်သည့်ကူညီပံ့ပိုးမှုများကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံက အခက်အခဲကြုံတွေ့စဉ်ပေးအပ်သည့် နားလည်မှုနှင့်ထောက်ခံမှုများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ပေါက်ဖော်ချစ်ကြည်ရေးကြီးခေတ်အဆက်ဆက်မှာ ဆက်ခံကြကာထာဝရ တည်တံ့ခိုင်မြဲစေလိုပါကြောင်း၊ မြန်မာတရုတ်နှစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးပါစေကြောင်း၊နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဆက်မပြတ်တိုးတက်စေလိုပါကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။

သံအမတ်ကြီးဟုန်လျန့်က ထပ်မံပြောကြားသွားသည်မှာ "ပေါက်ဖော်" ဟူသည်မှာ တရုတ်-မြန်မာနှစ်နိုင်ငံပြည်သူအကြား တမူထူးခြားသောရင်းနှီးလှသည့်အခေါ်အဝေါ်ဖြစ်ကြောင်း၊ မြန်မာဘာသာစကားမှာ တအူထုံဆင်းညီရင်းအစ်ကိုဟုအဓိပ္ပာယ်ရပါကြောင်း၊ "ပေါက်ဖော်"ဟုခေါ်ဆိုလိုက်သည်နှင့် နှစ်ပေါင်းထောင်ချီရာချီရှိသောရိုးစင်းသည့် သံယောဇဉ်ကို စုစည်းဖော်ပြရာရောက်ကြောင်း၊ တရုတ်မြန်မာချစ်ကြည်ရေးလုပ်ငန်းမှာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းနှင့် ဌာနများကိုအားပေးဆုချသည့်အနေနှင့် သံရုံးသည် "တရုတ်မြန်မာပေါက်ဖော်ချစ်ကြည်ရေးဆု"ကို ထူထောင်လိုက်ပါကြောင်း၊ တရုတ်မြန်မာနှစ်နိုင်ငံပြည်သူလူထုအကြားစိတ် နှလုံးချင်းချိတ်ဆက်ကြကာလက်ချင်းချိတ်ပြီး အနာဂတ်ကိုမျှော်မှန်းရင်း တရုတ်မြန်မာချစ်ကြည်ရေးခေတ်အဆက်ဆက် တည်တံ့ခိုင်မြဲရန်ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ တရုတ်မြန်မာဆက်ဆံရေး၏ ပိုမိုသာယာသောအနာဂတ်ကို အတူဖန်တီးကြပါရန်မျှော်လင့်ပါကြောင်းစသည်ဖြင့် ပြောကြားသွားပါသည်။

"ပေါက်ဖော်ချစ်ကြည်ရေးနေ့" ပွဲဖြစ်မြောက်ရေးကော်မတီကိုယ်စားလှယ်များဖြစ်သည့် ကျန်းဝိန်ချင်း၊ လင်ဝိန်မုံးတို့သည် အလှူငွေပေါင်းမြန်မာကျပ်ငွေသိန်း(၈၀၀)ကို "ပေါက်ဖော်ချစ်ကြည်ရေးရံပုံငွေ-အနေဖြင့် မြန်မာနိုင်ငံတော်အစိုးရထံပေးအပ်လှူဒါန်းခဲ့ကြရာဝန်ကြီးဦးကျော်တင့်ဆွေက နိုင်ငံတော်အစိုးရကိုယ်စားအလှူငွေများကို လက်ခံခဲ့ပါသည်။ စစ်ဘေးဒဏ်နှင့်သဘာဝဘေးဒဏ်ခံနေရသော ပြည်သူလူထုအတွက်ပံ့ပိုးပေးရန်ရည်ရွယ်ထားပြီး ရံပုံငွေထူထောင်လိုက်ရသည်။ "ပေါက်ဖော်"ညီရင်းအစ်ကို၏ ချစ်ကြည်ရေးကိုပြသရာရောက်ပါသည်။

ရွှေပွဲလာဧည့်သည်တော်များကလည်းချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုအကြောင်းများကို စကားလက်ဆုံကျရင်း တရုတ်မြန်မာ ပေါက်ဖော်ချစ်ကြည်ရေးကမ္ဘာတည်သ၍ တည်တံ့ခိုင်မြဲရန်နှင့် တရုတ်မြန်မာဆက်ဆံရေးတိုးတက်ပါစေကြောင်းဆုတောင်းလိုက်ကြပါတော့သည်။

(သတင်းအရင်းအမြစ် 《ရွှေဇာမဏီ သတင်းစာတိုက်》)